INDIANA FARMERS MARKET
COMMUNITY OF PRACTICE

# INDIANA တောင်သူလယ်သမားစျေးများ၌ SNAP EBT ကို အကောင်အထည်ဖော်ခြင်း အထောက်အကူပြုလက်စွဲ

## SNAP EBT ကို အကောင်အထည်ဖော်ရန် တောင်သူလယ်သမားစျေးများအားအထောက်အကူ ပြုသည့် အရင်းအမြစ်များ




**2024**

အချင်းချင်း စိစစ်သုံးသပ်ထားသည်

# INDIANA တောင်သူလယ်သမားဈေးများ၌ SNAP EBT ကို အကောင်အထည်ဖော်ခြင်း အထောက်အကူပြုလက်စွဲ

Indiana တောင်သူလယ်သမားဈေး၌ SNAP EBT ကို အကောင်အထည်ဖော်ခြင်း အထောက်အကူပြုလက်စွဲသည် တောင်သူလယ်သမားဈေး တာဝန်ခံမန်နေဂျာများအဖို့ ၎င်းတို့၏ ဈေးများအတွက် SNAP EBT တိုကင် အခြေပြုသည့် ပရိုဂရမ်တစ်ရပ်အား ရေးဆွဲချမှတ်ပြီး ကျင့်သုံးလုပ်ဆောင်ရာတွင် အထောက်အကူပြုစေရန် ဖြစ်ပါသည်။ တိုကင်အခြေပြုသည့် ပရိုဂရမ်ကို အောင်မြင်စွာ ကျင့်သုံးလုပ်ဆောင်ရာတွင် စိန်ခေါ်မှုများစွာရှိပြီး ဤအထောက်အကူပြုလက်စွဲစာအုပ်သည် ဈေးတာဝန်ခံမန်နေဂျာများက ၎င်းတို့၏ ဈေးဝန်ထမ်းများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ရောင်းချသူများ၊ စေတနာ့ဝန်ထမ်းများ၊ ဘုတ်အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ရပ်ရွာလူထုကို လေ့ကျင့်သင်ကြားပေးနိုင်သည့် ရိုးရှင်းသော စာတစ်မျက်နှာစာ လုပ်ဆောင်ရန် စာရင်းများနှင့် လက်ကမ်းစာစောင်များ အသုံးပြု၍ ၎င်းစိန်ခေါ်မှုများကို ဖြေရှင်းပေးပါသည်။ တောင်သူလယ်သမားဈေး၌ SNAP EBT ကို မှန်မှန်ကန်ကန် စီမံဆောင်ရွက်နိုင်ရန်အတွက် အစားအသောက်နှင့် အာဟာရ ဝန်ဆောင်မှု (FNS) က သတ်မှတ်ထားသည့် အကောင်းဆုံး အလေ့အကျင့်များ၏ သတိပေးချက်တစ်ရပ်အဖြစ် ဈေးဖွင့်သည့် ရက်များတွင် အသုံးပြုရန် ဤအထောက်အကူပြုလက်စွဲကို စီမံရေးသားထားပါသည်။ နောက်ဆုံးအနေဖြင့် ဤအထောက်အကူပြုလက်စွဲတွင် SNAP EBT တိုကင်အခြေပြုပရိုဂရမ်၏ အလုပ်လုပ်ပုံကို ရှင်းပြပေးသည့် တောင်သူလယ်သမားဈေး သင်တန်း PDF ဖိုင်တစ်ဖိုင် ပါဝင်ပါသည်။

Indiana တောင်သူလယ်သမားဈေး၌ SNAP EBT ကို အကောင်အထည်ဖော်ခြင်း အထောက်အကူပြုလက်စွဲကို Indiana တောင်သူလယ်သမားဈေး၏ လက်တွေ့လုပ်ဆောင်ရေး အသိုင်းအဝိုင်းနှင့် ၎င်းတို့၏ မိတ်ဖက်များဖြစ်ကြသည့်-

Purdue Extension လူ့အသိုင်းအဝိုင်း ကျန်းမာပျော်ရွှင်ရေး ညှိနှိုင်းဆောင်ရွက်သူများနှင့် တောင်သူလယ်သမားဈေးဆိုင်ရာ ကျွမ်းကျင်သူများ ဖြစ်သော Jered Blanc hard နှင့် Lacy Wilson

Indiana FSSA ဌာန၊ SNAP ဌာနခွဲ

Indiana ကျန်းမာရေး ဌာန WIC နှင့် သက်ကြီးရွယ်အို FMNP ဌာနခွဲ Gerri Bonner၊

Indiana တောင်သူလယ်သမားဈေး၏ လက်တွေ့လုပ်ဆောင်ရေး အသိုင်းအဝိုင်းနှင့်တကွ University of Indianapolis ၏ အလုပ်သင်များ Christina Ferroli၊ MS ၊ RDN ၊ FAND ၊ ထောက်ပံ့ကြေး ပရိုဂရမ် ညှိနှိုင်းဆောင်ရွက်သူ၊ Indiana သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေး စင်တာတို့က ပူးတွဲရေးသားထားပါသည်။

ဤစီမံကိန်းအား AN AMS FOOD MARKETING PROMOTION  PROGRAM GRANT (2020-2023) မှ ငွေကြေးထောက်ပံ့ပေးပါသည်။

# မာတိကာ


တဓောင်သူလယ်သမားဈေးများ၌ SNAP EBT ကို အကောင်အထည်ဖော်ခြင်း - စာမျက်နှာ 5

SNAP EBT တိုကင်အကြောင်း အခြေခံများ - စာမျက်နှာ 6

ဈေးဖွင့်ရက် SNAP ထောက်ပံ့ပစ္စည်းများ - စာမျက်နှာ 7

ဈေးဖွင့်ရက် ကနဦးစတင်ချိန် - စာမျက်နှာ 8

ဈေးရောင်းချိန်အတွင်း လုပ်ဆောင်ရမည့် အရာများ - စာမျက်နှာ 9

ဝယ်ယူသူများက SNAP EBT ဖြင့် ဝယ်ယူ၍ရသော အရာများနှင့် ဝယ်ယူ၍မရသော အရာများ - စာမျက်နှာ 10 - 12

ဈေးဖွင့်ရက် ဈေးသိမ်းချိန် - စာမျက်နှာ 13 - 14

SNAP EBT မှတ်တမ်းထားရှိသိမ်းဆည်းခြင်း - စာမျက်နှာ 15

ဈေးတွင် ရောင်းချသူများအတွက် သင်တန်း- ဈေးတွင် SNAP EBT ဖြင့် ဝယ်ယူမှုများ - စာမျက်နှာ 16 - 27

# တောင်သူလယ်သမားဈေးများ၌ SNAP EBT ကို အကောင်အထည်ဖော်ခြင်း

- [ ] သင် တာဝန်ယူသော တောင်သူလယ်သမားဈေးကို Indiana ပြည်နယ် နိုင်ငံခြားရေးဝန်ကြီး ထံတွင် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် စာရင်းသွင်းထားပါသလား သို့မဟုတ် စီးပွားရေး လုပ်ငန်းတစ်ခု (သို့) အကျိုးအမြတ်အတွက်မဟုတ်သော အဖွဲ့အစည်းတစ်ခုမှ စီမံဆောင်ရွက် သော ပရိုဂရမ်တစ်ရပ်အဖြစ် စာရင်းသွင်းထားပါသလား။

- [ ] သင်တာဝန်ယူသော တောင်သူလယ်သမားဈေးတွင် ဘဏ်အကောင့်ရှိပါသလား။ ၎င်းဘဏ်အကောင့်သည် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဈေးတာဝန်ခံ မန်နေဂျာ၏ အမည်ဖြင့် ဖြစ်ပါသလား။

- [ ] သင်တာဝန်ယူသော ဈေးတွင် အကြံပြုရေးဘုတ်အဖွဲ့ သို့မဟုတ် ဘုတ်အဖွဲ့ ဒါရိုက်တာများ ရှိပါသလား။

- [ ] သင်တာဝန်ယူသော ဈေးတွင် မှတ်တမ်း ထိန်းသိမ်းရေးနှင့် ငွေစာရင်းကို ဆောင်ရွက်ထိန်းသိမ်းရန် ပုဂ္ဂိုလ်တစ်ဦးရှိပါသလား။

- [ ] ဈေးဖွင့်ရက်များတွင် SNAP EBT ပရိုဂရမ်ကို စီမံဆောင်ရွက် ရန်အတွက် ဈေးတာဝန်ခံမန်နေဂျာ သို့မဟုတ် လေ့ကျင့်ထားသော ဝန်ထမ်းတစ်ဦး ရှိပါသလား။

- [ ] SNAP ပရိုဂရမ်ကို ဆောင်ရွက်ရန် ဝန်ထမ်းများအား သင် လုပ်အားခပေးချေနိုင်ပါ သလား သို့မဟုတ် လေ့ကျင့်သင်ကြားထားသော စေတနာ့ဝန်ထမ်းများရှိပါသလား။

- [ ] POS စနစ် လစဉ်ဝန်ဆောင်ခ၊ တိုကင်များနှင့် လိုအပ်သည့် ပစ္စည်းများ၊ ဈေးကွက်မြှင့်တင်ရေးနှင့် အရောင်းမြှင့်တင်ရေးတို့အတွက် သင်တာဝန်ယူသည့် တောင်သူလယ်သမားဈေးတွင် ဖူလုံသောငွေကြေး ရှိပါသလား။

# SNAP EBT တိုကင်အကြောင်း အခြေခံများ

- [ ] အကျိုးဝင်သော စားသောက်ကုန်များကို ရောင်းချသည့် ရောင်းချသူများသည် ဤဆိုင်တွင် SNAP EBT ဖြင့် ပေးချေခြင်းကို လက်ခံပါသည် ဟူ၍ ဖော်ပြထားသည့် ဆိုင်းဘုတ်များ ထားရှိရမည်။
- [ ] ဈေးတွင် နှစ်စဉ် ဝယ်ယူမှုအားလုံးအတွက် SNAP တိုကင် အလုံအလောက်ရှိရမည်။ SNAP EBT အတွက် ငွေအကျေပြန်အမ်းမှု ရှိချင်မှရှိပါမည်။
- [ ] SNAP ဖြင့် ဝယ်ယူသူများကို ၎င်းတို့၏ EBT ကတ်ဖြင့် ဖြတ်၍ ငွေပေးချေရာတွင် လွှဲပြောင်းခ မကောက်ခံပါ။
- [ ] SNAP EBT တိုကင်များကို ငွေသားအဖြစ် ပြန်လည် မလဲလှယ်နိုင်ပါ။
- [ ] မိမိတို့၏ တိုကင်ပမာဏနှင့် ကိုက်ညီစေရန်အတွက် ဝယ်မည့်ပစ္စည်းများကို အတိုးအလျှော့လုပ်ရန် ဈေးဝယ်သူများကို ခွင့်ပြုခြင်းဖြင့် ရောင်းချသူများသည် လိုက်လျောညီထွေဆောင်ရွက်ပေး၍ ဝယ်ယူသူများအား ကူညီပေးသင့်သည်။
- [ ] အကြေးဝယ်ကတ်/ငွေထုတ်ကတ် သို့မဟုတ် ဈေးတိုကင်များနှင့် ယှဉ်ပါက SNAP တိုကင်များသည် အရောင်နှင့် ပုံစံ ကွဲပြားနေရပါမည်။
- [ ] မိမိတို့၏ SNAP EBT ကတ်ထဲသို့ ပြန်အမ်းငွေ ရရှိရန်အတွက် ဝယ်ယူသူများအား မိမိတို့ မသုံးဖြစ်သည့် SNAP EBT တိုကင်များကို ပြန်လည်ပေးအပ်ရန် ခွင့်ပြုရပါမည်။
- [ ] SNAP EBT အတွက် ပေးအပ်သော တိုကင်များမှာ သက်တမ်းကုန်ဆုံးခြင်းမရှိပါ။ ဝယ်ယူသူများသည် ၎င်းတိုကင်များကို လဲလှယ်သည့် ရက်၊ နောက်တစ်ကြိမ် ဈေးဝယ်ထွက်သည့် ရက် သို့မဟုတ် နောင်နှစ်များစွာအကြာတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

# ဈေးဖွင့်ရက် SNAP ထောက်ပံ့ပစ္စည်းများ

INDIANA FARMERS MARKET
COMMUNITY OF PRACTICE

- [ ] အရောင်းလက်ခံစက် (POS စက်) ို အားအပြည့်ဖြည့်ထားပါသလား။ သို့မဟုတ် သင့်တွင် ဘက်ထရီအပိုများ အသင့်ရှိပါသလား။

- [ ] သင်ရောင်းချနေသည့် ယာယီဆိုင်ခန်းတွင် တိုကင် အလုံအလောက် ရှိပါသလား။

- [ ] သင်၏ယာယီဆိုင်ခန်းတွင် ရရှိနိုင်သော တိုကင်၊ ထုတ်ပေးထားသော တိုကင်နှင့် ပြန်လည်လဲလှယ်သော တိုကင် အရေအတွက်ကို မှတ်တမ်းတင်ရန် မှတ်စုစာအုပ် ရှိပါသလား။

- [ ] POS စီစဉ်ပံ့ပိုးသူထံ 24/7 ဆက်သွယ်ရရှိနိုင်သည့် အကူအညီပေး ဖုန်းလိုင်းအချက်အလက်များ သင့်တွင် ရှိပါသလား။

- [ ] သင့်ယာယီဆိုင်ခန်းတွင် ဖြစ်ပေါ်သည့် အရာများကို မှတ်တမ်းတင်ရန် ဂဏန်းပေါင်းစက်၊ ဘောပင်နှင့် မှတ်စုစာအုပ်များ ထားရှိပါသလား။

- [ ] ဈေးသိမ်းသည့်အခါ၌ ရောင်းချသူများ၏ တိုကင်များကို စုဆောင်း သိမ်းဆည်းရန် သင့်ယာယီဆိုင်ခန်းတွင် ကြရှည်ခံပြီးသေးငယ်သော အိတ်များ သို့မဟုတ် စာအိတ်များ ရှိပါသလား။

- [ ] သင့်ဈေးတွင် SNAP ဈေးဖြစ်ကြောင်း ဆိုင်းဘုတ်နှင့် စိုက်ပျိုးမွေးမြူရေး သမား/ရောင်းချသူဖြစ်ကြောင်း ပြသသည့် ဆိုင်းဘုတ် ထားရှိပါသလား။ ၎င်းတို့ကို ချိတ်ပြထားပါသလား။

# ဈေးဖွင့်ရက် ကနဦးစတင်ချိန်

- [ ] သင်တာဝန်ယူသော ဈေးတွင် ရောင်းချသည့် SNAP တွင် အကျုံးဝင်သော ရောင်းချသူများအား တိုကင်များစုဆောင်းပြီးသိမ်းထားရန် စာအိတ်များ/ အိတ်များကို ပေးထားပါသလား။

- [ ] ဈေး နှင့်/သို့မဟုတ် SNAP အတွက် သတ်မှတ်ထားသည့် ရုံတွင် ဆိုင်းဘုတ်၊ POS စနစ်အတွက် ရုံ၊ တိုကင်များနှင့် အခြားပစ္စည်းပစ္စယများကို ပြင်ဆင်ထားရှိပါသလား။

- [ ] ရောင်းချသူများသည် ၎င်းတို့၏ယာယီဆိုင်ခန်းများတွင် SNAP EBT ကို လက်ခံကြောင်း ပြသသည့် ဆိုင်းဘုတ်များ ထားရှိကြောင်း သေချာအောင် သင်တာဝန်ယူသော ဈေးက ပြုလုပ်ပါသလား။

- [ ] သင် တာဝန်ယူသောဈေးသည် အရောင်းလက်ခံစက် (POS စက်) ကို ဖွင့်ထားပြီး ၎င်းသည် ကောင်းမွန်စွာ အလုပ်လုပ်ကြောင်း သေချာအောင် ပြုလုပ်ပါသလား။

- [ ] ဈေး သို့မဟုတ် SNAP အတွက် သတ်မှတ်ထားသော ရုံတွင် အရောင်းလက်ခံစက် (POS စက်) ကို အချိန်ပြည့် စောင့်ကြည့်ပြီးလည်ပတ်ရန်အတွက် တစ်စုံတစ်ဦးရှိပါသလား။

# ဈေးရောင်းချိန်အတွင်း လုပ်ဆောင်ရမည့် အရာများ

- [ ] ဈေးဖွင့်သည့် အချိန်ကာလပတ်လုံး သင့်ဈေး၏ SNAP အတွက် သတ်မှတ်ထားသော ရှိသည် POS စက်ကိရိယာများ ဖြင့် လည်ပတ်လုပ်ဆောင်နေပါသလား။

- [ ] ဈေးအတွင်း SNAP ယာယီဆိုင်ခန်းများကို ဖွင့်၍ စီမံဆောင်ရွက်ရန် အတွက် လေ့ကျင့်ထားသော ဝန်ထမ်း သို့မဟုတ် စေတနာ့ဝန်ထမ်း(များ) အချိန်ပြည့် ရှိပါသလား။

- [ ] သင်တာဝန်ယူသော ဈေးသည် ရောင်းချပြီးသော တိုကင်များကို ထောက်လှမ်းခြင်းနှင့် တိုကင်များ လုံခြုံစေရန် ထိန်းသိမ်းခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အချိန်တိုင်းလိုက်နာပါသလား။

- [ ] သင်တာဝန်ယူသော ဈေးသည် SNAP/EBT နှင့်ပတ်သက်၍ ဝယ်ယူသူနှင့် ရောင်းချသူများ၏ မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများအားလုံးကို ပြန်လည် ဖြေကြားပါသလား။

- [ ] ဈေးတွင် SNAP EBT အသုံးပြုမှုကို အထောက်အကူပြုသည့် SNAP တွဲဖက်မှု ပရိုဂရမ်များကို သင် တာဝန်ယူသောဈေး၌ ပြုလုပ်ပေးပါသလား။

# တောင်သူလယ်သမားဈေးတွင် ဝယ်ယူသူများက SNAP EBT ဖြင့် ဝယ်ယူ၍ရသော အရာများနှင့် ဝယ်ယူ၍မရသော အရာများ

| ဝယ်ယူ၍ရသော အရာ | ဝယ်ယူ၍မရသော အရာ |
|---|---|
| သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ | ဘီယာ၊ ဝိုင်၊ အရက်သေစာ၊ စီးကရက် သို့မဟုတ် ဆေးရွက်ကြီးထုတ်ကုန်များ |
| အသား၊ ကြက်ဘဲနှင့် ငါး ဥအမျိုးမျိုး | ဗီတာမင်ဖြည့်စွက်ဆေးများ၊ ဆေးဝါးများနှင့် အာဟာရ ဖြည့်စွက်စာများ |
| နို့ထွက်ပစ္စည်းများ | ချက်ချင်းစားသုံးရန် ချက်ပြုတ်ပြင်ဆင်ထားသော စားသောက်ကုန်များ |
| ဂျုံမုန့်၊ အစေ့အဆံများ၊ ပဲအမျိုးမျိုးနှင့် အစေ့အဆန်များ | ပူပူနွေးနွေး အစားအစာများ |
| ယိုများ၊ ပျားရည်၊ ချဉ်ဖတ်များ | ပန်း၊ အိမ်မွေးတိရစ္ဆာန် အစာများ၊ သန့်ရှင်းရေး ပစ္စည်းများ၊ စက္ကူဖြင့် ထုတ်လုပ်ထားသော ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေ သန့်ရှင်းရေး ပစ္စည်းနှင့် အလှကုန်များကဲ့သို့ စားသောက်ကုန်မဟုတ်သော ထုတ်ကုန်များ |
| မီးဖိုချောင်သုံး ဟင်းချက်ပစ္စည်းများ၊ သွားရည်စာများနှင့် အယ်လ်ကိုဟောမပါသော အဖျော်ယမကာများ | |
| အိမ်အတွက် စားသောက်ကုန်များ ပေးစွမ်းမည့် မျိုးစေ့များနှင့် အပင်များ | |

INDIANA FARMERS MARKET COMMUNITY OF PRACTICE

# တောင်သူလယ်သမားဈေးတွင် ဝယ်ယူသူများက SNAP EBT ဖြင့် ဝယ်ယူ၍ရသော အရာများ

## ဤသည်တို့ကို ဝယ်ယူနိုင်သည် ✓


သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ



အသား၊ ကြက်ဘဲနှင့် ငါးအမျိုးမျိုး



ဥအမျိုးမျိုး



နို့ထွက်ပစ္စည်းများ




ဂျုံမှုန့်၊ အခွံမာသီး၊ ပဲအမျိုးမျိုးနှင့် အစေ့အဆန်များ




ယိုများ၊ ပျားရည်၊ သနပ်များ




မီးဖိုချောင်သုံး ဟင်းချက်ပစ္စည်းများ၊ သွားရည်စာများနှင့် အယ်လ်ကိုဟောမပါသော အဖျော်ယမကာများ




အိမ်အတွက် စားသောက်ကုန်များ ပေးစွမ်းမည့် မျိုးစေ့များနှင့် အပင်များ



INDIANA FARMERS MARKET COMMUNITY OF PRACTICE

# တောင်သူလယ်သမားဈေးများတွင် ဝယ်ယူသူများ SNAP EBT ဖြင့် ဝယ်ယူ၍မရသော အရာများ

## ဤသည်တို့ကို မဝယ်ယူနိုင်ပါ 🚫


ဘီယာ၊ ဝိုင်၊ အရက်၊ စီးကရက် သို့မဟုတ် ဆေးရွက်ကြီး




ဗီတာမင်ဖြည့်စွက်ဆေးများ၊ ဆေးဝါးများနှင့် အာဟာရ ဖြည့်စွက်စာများ




ချက်ချင်းစားသုံးရန် ချက်ပြုတ်ပြင်ဆင်ထားသော စားသောက်ကုန်များ




ပူပူနွေးနွေး အစားအစာများ



စားစရာမဟုတ်သည့် ရောင်းကုန်များ၊ ဥပမာ ပန်းများ၊ အိမ်မွေးတိရစ္ဆာန်အစာများ၊ သန့်ရှင်းရေးသုံး ပစ္စည်းများ၊ စက္ကူဖြင့် ပြုလုပ်ထားသော ရောင်းကုန်များ၊ အိမ်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများ သို့မဟုတ် အလှကုန်များ







INDIANA FARMERS MARKET COMMUNITY OF PRACTICE

# ဈေးဖွင့်ရက် ဈေးသိမ်းချိန်

- [ ] သင်တာဝန်ယူသော ဈေးသည် သင့်ထံတွင် မှတ်တမ်းအဖြစ် ထားရှိရန်အတွက် ဈေးပိတ်ချိန်တွင် တစ်နေ့တာ စုပေါင်းအစီရင်ခံစာ တစ်စောင်ကို ပရင့်ထုတ်ရမည့် POS (အရောင်းလက်ခံစက်) ၏ လုပ်ထုံးလုပ်နည်းကို လိုက်နာပါသလား။

- [ ] TotilPay Go မိုဘိုင်းအက်ပလီကေးရှင်း (iOS သို့မဟုတ် Android) ဖြင့်ဆိုလျှင် ရောင်းချမှုဆိုင်ရာ ဒေတာအားလုံးကို အကောင့်ထဲတွင် သိမ်းဆည်းထားပြီး အွန်လိုင်းတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အဆင်ပြေသောအချိန်တွင် ဒေတာကို ဒေါင်းလုဒ်လုပ်နိုင်သည်။

- [ ] သင်တာဝန်ယူသော ဈေးသည် စိုက်ပျိုးမွေးမြူရေးသမားများနှင့် ရောင်းချသူများအားလုံးထံမှ ရရှိသော တိုကင်များကို စုဆောင်း၊ ရေတွက်ပြီးစာရင်းသွင်းမှတ်တမ်းတင်ထားပါသလား။

- [ ] သင်တာဝန်ယူသော ဈေးသည် ပြန်လည်ပေးအပ်လာသော တိုကင်အားလုံးအတွက် နှစ်စဉ် ငွေပြန်ထုတ်ပေးမှု မှတ်တမ်းပုံစံကို ဖြည့်စွက်ပါသလား။

- [ ] သင်တာဝန်ယူသော ဈေးသည် စိုက်ပျိုးမွေးမြူရေးသမား/ရောင်းချသူများအားလုံး၏ နှစ်စဉ်ရောင်းအားကို နှစ်စဉ် အနှစ်ချုပ်မှတ်တမ်းတွင် ထည့်သွင်းမှတ်တမ်းတင်ပါသလား။

# စျေးဖွင့်ရက် စျေးသိမ်းချိန်

INDIANA FARMERS MARKET COMMUNITY OF PRACTICE

- [ ] သင်တာဝန်ယူသော စျေးသည် POS အတွက် သတ်မှတ်ထားသောရုံကို စနစ်တကျ ပြန်သိမ်းပါ။SNAP/စျေး ယာယီဆိုင်ခန်းတွင် ကျန်နခဲ့သော လမ်းညွှန်ဆိုင်းဘုတ်၊ တိုကင်များနှင့် အခြားပစ္စည်းများကို ဖယ်ရှားရှင်းလင်းပါသလား။

- [ ] သင်တာဝန်ယူသော စျေးသည် စိုက်ပျိုးမွေးမြူရေးသမား/ရောင်းချသူများထံမှ ပြန်လည်ပေးအပ်လာသော တိုကင်များနှင့် မသုံးရသေးသော တိုကင်များကို သီးခြားစီခွဲထားပါသလား။

- [ ] သင်တာဝန်ယူသော စျေးသည် တိုကင်များအတွက် ငွေပေးချေရာတွင် ရောင်းချသူအားလုံးကို စျေးနေ့နောက်တစ်နေ့တွင် ချက်လက်မှတ်ပေးပို့ပါသလား သို့မဟုတ် ချက်လက်မှတ်များကို စာတိုက်မှတစ်ဆင့် လစဉ်ပေးပို့ပါသလား။

- [ ] သင်တာဝန်ယူသော စျေးသည် အပတ်စဉ် ရောင်းအားအစီရင်ခံစာများကို စျေး၏ နေ့စဉ်သုံးငွေအကောင့် လက်ကျန်ငွေပမာဏဖြင့် ချိန်ညှိပါသလား။

- [ ] စျေးအနေဖြင့် အစီရင်ခံစာများကို စာရင်းကိုက်အောင် ချိန်ညှိနိုင်ခြင်းမရှိပါက လွဲမှားနေသည့်အရာကို မဖြစ်မနေတွေ့ရှိရပါမည်။ သင်တာဝန်ယူသော စျေး၏ POS စီစဉ်ပံ့ပိုးသူနှင့် ညှိနှိုင်းဆောင်ရွက်ပါ။

# SNAP EBT
# မှတ်တမ်းထားရှိသိမ်းဆည်းခြင်း

INDIANA FARMERS MARKET
COMMUNITY OF PRACTICE

- [ ] သင်သည် ဝယ်ယူသူများ၏ ဝယ်ယူမှုတစ်ခုချင်းအလိုက် SNAP EBT ရငွေးချမှု လက်ခံဖြတ်ပိုင်းများကို ယာယီဆိုင်ခန်းတွင် သိမ်းဆည်းထားရှိပါသလား။

- [ ] ထုတ်ပေးထားသည့် တိုကင်အရေအတွက်၊ ဝယ်ယူသူများနှင့် စိုက်ပျိုးမွေးမြူရေးသမားများထံမှ ပြန်ပေးသည့် တိုကင်အရေအတွက်များကို နေ့စဉ်အနှစ်ချုပ် မှတ်တမ်းတင်ထားပါသလား။

- [ ] SNAP EBT ဖြင့် ရောင်းချမှုများကို သင် အပတ်စဉ် မှတ်တမ်းတင်ထားပါသလား၊ သင့်အနေဖြင့် တစ်ခါင်သူလယ်သမားစျေး တစ်ဈေးထက်ပို၍ ရောင်းချနေပါက အထူးအရေးကြီးပါသည်။

- [ ] ဈေးပွဲတစ်ရာသီ ကုန်ဆုံးချိန် စုစုပေါင်းပမာဏအတွက် စိုက်ပျိုးမွေးမြူရေးသမား/ရောင်းချသူ တစ်ဦးချင်းအလိုက် SNAP EBT ဖြင့် ရောင်းချပြီးငွေပေးချေ ထုတ်သည့် ပမာဏများကို သင် မှတ်တမ်းတင်ထားပါသလား။

- [ ] Double Up သို့မဟုတ် အလားတူ အစားအစာဆိုင်ရာ မက်လုံးပေးအစီအစဉ်များကို သင် စီစဉ်ဆောင်ရွက်ပေးပါက SNAP EBT ဖြင့် သီးနှံဝယ်ယူမှု တစ်ခုချင်းအလိုက် ထုတ်ပေးမှုကို သင် မှတ်တမ်းတင်ထားပါသလား။

# INFMCP

# တောင်သူလယ်သမားဈေး သင်တန်း-

## ဈေးတွင် SNAP EBT ဖြင့် ပြုလုပ်သော ရောင်းချမှုများ



အဖွင့်ကားချပ်

cferroli@icdc.coop

# INFMCP

## အဓိပ္ပာယ်ဖွင့်ဆိုချက်များ

- SNAP - ဖြည့်စွက် အစာအာဟာရ ထောက်ပံ့ပေးခြင်း အစီအစဉ်
- EBT - အီလက်ထရွန်နစ် အကျိုးခံစားခွင့် လွှဲပြောင်းခြင်း
- POS စက်ပစ္စည်း - အရောင်းလက်ခံစက်
- တိုကင်များ - ဝယ်ယူမှုများအတွက် ငွေပေးချေရန် သုံးစွဲသော ဈေးအတွင်းသုံး ငွေကြေး



# INFMCP

INDIANA FARMERS MARKET
COMMUNITY OF PRACTICE

## ဈေးများတွင် SNAP အသုံးပြုရန် စီမံဆောင်ရွက်ခြင်း

### ရွေးချယ်ရန် နည်းလမ်းနှစ်ခုရှိပါသည်-



- **ဈေးမှဦးစီးဖော်ဆောင်သော SNAP စနစ်**
  - ဈေးတစ်ဈေးလုံးအတွက် ဗဟို POS စက်တစ်လုံးတည်း အသုံးပြုခြင်း



- **ရောင်းချသူတစ်ဦးချင်း စီမံဆောင်ရွက်သော SNAP စနစ်**
  - တစ်ဦးချင်းအလိုက် ကိုယ်ပိုင် POS စက်များကို အသုံးပြု၍ ရောင်းချမှုများကို လက်ခံဆောင်ရွက်ရန် ရောင်းချသူများ အပေါ် မူတည်

INFMCP

## စျေးမှူးဦးစီးဖော်ဆောင်ခြင်း-

- တစောင်သူလယ်သမားစျေးများတွင် SNAP အကျိုးခံစားခွင့်များကို လက်ခံရန် အသုံးအများဆုံး နည်းလမ်း။
- တစောင်သူလယ်သမားစျေးသည် ခွင့်ပြုချက်ရ SNAP လက်လီရောင်းချသူ ဖြစ်လာရန်အတွက်
- FNS တွင် လျှောက်ထားသည်။ ခွင့်ပြုချက်ရ သောအခါ စျေးသည် POS စက်တစ်လုံးကို ဝယ်ယူ သို့မဟုတ် ငှားရမ်းသည်။
- တစောင်သူလယ်သမားစျေးသည် SNAP တွင် အကျုံးဝင်သော ပစ္စည်းများကို ရောင်းချသည့် ရောင်းချသူအားလုံး၏ ကိုယ်စား SNAP EBT ကို လက်ခံရန် POS စက်ကို အလယ်ဗဟိုကျသော နေရာ တစ်ခုတွင် ထားရှိသည်။



INFMCP

INDIANA FARMERS MARKET COMMUNITY OF PRACTICE

# ဈေးတွင် ရောင်းချသူများကိုယ်တိုင် စီမံ ဆောင်ရွက်ခြင်း

- ဈေးများသည် ရောင်းချသူများအား SNAP ကို တရားဝင်လက်ခံကျင့်သုံးခွင့်ရသည့် လက်လီရောင်းချသူများ ဖြစ်လာစေရန်အတွက် USDA အစားအသောက်နှင့် အာဟာရ ဝန်ဆောင်မှု (FNS) ထံတွင် တစ်ဦးချင်း လျှောက်ထားရန် အားပေးတိုက်တွန်းနိုင်သည်။
- ခွင့်ပြုချက်ရရှိပါက ရောင်းချသူများအနေဖြင့် ၎င်းတို့၏ ယာယီဆိုင်ခန်းများတွင် SNAP အကျိုးခံစားခွင့်များကို လက်ခံရန် ကိုယ်ပိုင် POS စက်ပစ္စည်း သို့မဟုတ် (မိုဘိုင်းအက်ပ်များနှင့် တွဲသုံးရသော) စကန်ဖတ်သည့်စက်များကို ဝယ်ယူရပါမည်။



INFMCP

## စျေးအခြေပြု SNAP EBT စနစ် အလုပ်လုပ်ပုံ-

- SNAP ဖြင့် ဝယ်ယူသူများသည် စျေးတွင် SNAP အတွက် သတ်မှတ်ထားသော ရုံတွင်းရှိ POS စက်၌ မိမိ၏ EBT ကတ်ကို ဖြတ်ရပါသည်။
  - **Indiana ပြည်နယ်တွင် Hoosier Works ကတ်**
- ငွေလွှဲပြောင်းခများကို ဝယ်ယူသူထံမှ ကောက်ခံ၍မရပါ
- ဝယ်ယူသူသည် စျေး၏ SNAP EBT တိုကင်များ (သို့မဟုတ် လက်ခံဖြတ်ပိုင်းဖြစ်စေ ဘောက်ချာ/ချက်လက်မှတ်ဖြစ်စေ) ကို လက်ခံရရှိပြီး သတ်မှတ်ချက်ပြည့်မီသော ရောင်းချသူများ၏ ယာယီဆိုင်ခန်းတိုင်းတွင် ၎င်းတို့ကို အသုံးပြုနိုင်သည်
  **အကျုံးဝင်သော ရောင်းကုန်ပစ္စည်းများသာ။**



**တိုကင်<u>ပေါ်တွင်</u> တန်ဖိုး ဒေါ်လာပမာဏတစ်ခုကို ပုံနှိပ်ထားရမည်ဖြစ်ပြီး စျေးအမည် ပါရှိသင့်သည်။**

INFMCP

## SNAP EBT ဖြင့် မည်သည့်တို့ကို ဝယ်ယူနိုင်သနည်း။

- သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ
- ဥအမျိုးမျိုး၊ အသား၊ ကြက်/ဘဲ၊ ငါး၊ ဒိန်ခဲ၊ နို့ထွက်ပစ္စည်း စသည်
- ယို/ဂျယ်လီ၊ ပျားရည်၊ မက္ကဆီကန် ဆာလ်ဆာ ဆော့စ်၊ အခြားဆော့စ်များ၊ ဟင်းခတ်အမွှေးအကြိုင်များ စသည်။
- မေပယ်သကာရည်/ပျားရည်/ပန်းသီးအရက်/သစ်သီးရည်များ
- ပေါင်မုန့်၊ ပေါင်မုန့်ပါဝင်သော စားသောက်ကုန်များ၊ ကွကောဖတ်များ၊ ကွတ်ကီးများ၊ အစာသွပ်မုန့်များ၊ ကိတ်မုန့်များ စသည်၊ Gluten မပါသော စားသောက်ကုန်များ အပါအဝင်

  *တစ်ယောက်စာ တည်ခင်းရောင်းချသော ရောင်းကုန်များကို ခွင့်မပြုထားပါ

- သစ်သီးဝလံ/ဟင်းသီးဟင်းရွက်များ ရရှိလာမည့် အပင်များနှင့် မျိုးစေ့များ



INFMCP

# မည်သည်တို့ အကျုံးမဝင်သနည်း။

ချက်ပြုတ်ပြင်ဆင်ထားသော စားသောက်ကုန်နှင့် သောက်စရာများ - ဤသည်တို့ကဲ့သို့သော ဆိုင်တွင် တစ်ခါတည်းစားသောက်ရမည့် အရာများ

- ကော်ဖီအပူ/အအေး၊ လက်ဖက်ရည်၊ ဆိုဒါများ၊ ရောင်းချသူများ/အစားအသောက်ရောင်းသည့် ထရပ်ကားများမှ စားသောက်ဖွယ် အပူ/အအေး စသည်။
- ပခြောင်းဖူးပေါက်ပေါက် - ဝယ်ပြီးတစ်ခါတည်းစားရန် ဖြစ်သည်
- ပန်းများ
- လက်မှုပစ္စည်းများ
- ဝိုင်နှင့် အယ်လ်ကိုဟောပါသော သောက်စရာများ
- အခြားသော စားသောက်ကုန်မဟုတ်သည့် ကုန်ပစ္စည်းအားလုံး



INFMCP

INDIANA FARMERS MARKET
COMMUNITY OF PRACTICE

# ဝယ်ယူသူများသည် မည်သို့ ဝယ်ယူသနည်း

- ဝယ်ယူသူများအနေဖြင့် ၎င်းတို့တွင်ရှိသော တိုကင် အရေအတွက်အတိအကျဖြင့် ပေးချေရပါမည်၊ သို့မဟုတ် တိုကင်မလုံလောက်ပါက လိုနေသည့်ပမာဏ ကို ငွေသားဖြင့် ဖြည့်ပေးနိုင်ပါသည်။
- **ငွေသားဖြင့် အကြွေပြန်အမ်းပေးနိုင်မည် မဟုတ်ပါ**
- ရောင်းချသူများအနေဖြင့် တန်ဖိုးနည်း တိုကင်များ ရှိပါက အကြွေအမ်းရန် ပြန်လည်ပေးအပ်နိုင်ပါသည်။



INFMCP

# ရောင်းချသူများအား ငွေပြန်ထုတ်ပေးခြင်း

- သင်ရောင်းချသော ဈေးတွင် သတ်မှတ်ထားသော အချိန်၌ ရောင်းချသူများသည် ၎င်းတို့စုဆောင်းရရှိထားသော တိုကင်အားလုံးကို ငွေကြေးဖြင့် လဲလှယ်ရန် **ဈေးတာဝန်ခံမန်နေဂျာ သို့မဟုတ် ကိုယ်စားလှယ်ထံသို့** ပြန်လည်ပေးအပ်ရပါသည်။
- **သင်ရောင်းချသော ဈေး** မှ တိုကင်များကိုသာ သင် လက်ခံနေခြင်းဖြစ်ကြောင်း သေချာပါစေ။ တိုကင်များသည် သင် ရောင်းချသော ဈေးမှ ထုတ်ပေးထားခြင်း မဟုတ်ပါက ငွေပြန် ရမည်ဟု အာမမခံနိုင်ပါ။
- စိုက်ပျိုးမွေးမြူရေးသမားများ/ရောင်းချသူများကို ဈေးက အပတ်စဉ် သို့မဟုတ် လစဉ် ငွေပြန်ထုတ်ပေးပါမည်



INFMCP

# SNAP တွဲဖက်မှု ပရိုဂရမ်များ

SNAP တွဲဖက်မှု သို့မဟုတ် နှစ်ဆတိုး ပရိုဂရမ်များသည် ဈေးတွင် သစ်သီးနှင့် ဟင်းသီးဟင်းရွက်များအတွက် ဝယ်ယူသူသုံးစွဲသော ဒေါ်လာပမာဏကိုသာ တွဲဖက်ပါသည်။

- ၎င်းတို့သည် ဈေးနှင့် ပရိုဂရမ်တစ်ခုချင်းအလိုက် သီးသန့်ဖြစ်ပါသည်
- ပရိုဂရမ်ပေါ်မူတည်၍ ပါဝင်သူများသည် တိုကင်များ၊ စက္ကူဘောက်ချာ/ ချက်လက်မှတ်များကို ရရှိသည် သို့မဟုတ် ကတ်အခြေပြုစနစ်ကို အသုံးပြုသည်
- ၎င်းတို့အားလုံးကို SNAP တိုကင်နှင့်အတူ အသုံးပြုရပါမည်
- ငွေသားဖြင့် အကြွေပြန်အမ်းချင်မှ အမ်းပါမည်



INFMCP

# SNAP တွဲဖက်မှု ပရိုဂရမ်များ

SNAP တွဲဖက်မှု သို့မဟုတ် နှစ်ဆတိုး ပရိုဂရမ်ကို ရရှိနိုင်သည့်နေရာ-

- Joseph ရပ်ရွာလူထု ကျန်းမာရေး ဖောင်ဒေးရှင်းသည် Indiana ပြည်နယ် ကျန်းမာရေးဌာန၊ အာဟာရနှင့် ကိုယ်ကာယလှုပ်ရှားမှု ဌာနခွဲနှင့် ပူးပေါင်းလျက် SNAP တွဲဖက်မှုကို ပံ့ပိုးပေးရန် $20,000 အထိ ချေးငွေများ ထုတ်ပေးနေပေါသည်
- https://doubleupindiana.org/grants/ သို့ သွားရောက်ပါ
- ငွေကြေးထောက်ပံ့မှု ရနိုင်ခြင်းရှိမရှိ သိရှိရန် နှစ်အလိုက် စစ်ဆေးပါ



# ကျေးဇူးတင်ရှိပါသည်

မေးခွန်းများမေးမြန်းလိုပါက
CHRISTINA FERROLI ထံ ဆက်သွယ်ပါ
CFERROLI@ICDC.COOP

cferroli@iicdc.coop

အပိတ်ကားချပ်